EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၂)၊ အမှတ်-၈ လစဉ်သတင်းလွှာ ဇန်နဝါရီ ၈ ရက်၊ ၂၀၂၀



ဓာတ်ပုံ- ရွှေလေး

# ကျား-မဆိုင်ရာ ခွဲခြားဆက်ဆံခြင်းကို အနုသုတေသနနည်းဖြင့် ဖော်ထုတ်

**ဒီဇင်ဘာ ၁၀၊ ၂၀၁၉**

လူ့အဖွဲ့အစည်းအတွင်းက ကျား-မဆိုင်ရာ ခွဲခြားဆက်ဆံမှုများနှင့်ပတ်သက်၍ ကြိုးစားလုပ်ဆောင်နေသူ များစွာရှိသည့်အနက် အနုသုတေသနနည်းဖြင့် ဖော်ထုတ်နေသူများလည်း ရှိနေသည်။

အနုသုတေသနဆိုသည်မှာ အနုပညာနှင့် သုတေသနကိုပေါင်းစပ်၍ လူထုနှင့်အနီးစပ်ဆုံးရောက်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ အနုသုတေသနနှင့်ပတ်သက်၍ ပြည်သူအကြား ပိုပြီးရင်းနှီးကျွမ်းဝင်ပြီး သုတေသနတွေ့ရှိချက်များကို သိမြင်အသုံးချတတ်စေရန် ရည်ရွယ်၍ "အနုသုတေသနပွဲတော်"ကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) မှ နိုဝင်ဘာလ (၃၀) ရက်နေ့မှ ဒီဇင်ဘာလ (၃) ရက်နေ့ထိ ရန်ကုန်မြို့ဝန်ကြီးများရုံးတွင် ပြုလုပ်ခဲ့သည်။ ၎င်းပွဲတော်တွင် စကားဝိုင်းဆွေးနွေးပွဲများ၊ အနုသုတေသနဆိုင်ရာ အနုပညာပြခန်းများနှင့်ရုပ်ရှင်များ ထည့်သွင်းပြသခဲ့ပြီး ကျား-မခွဲခြားဆက်ဆံခြင်းနှင့်ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲများလည်း ပါဝင်ခဲ့သည်။

ကျား-မခွဲခြားဆက်ဆံခြင်း ဆိုရာတွင် မြန်မာ့ဓလေ့ထုံးစံအရ အယူသည်းမှုများစွာလည်း ပါဝင်နေသည်။ ထမီနှင့်ပတ်သက်သည့် အယူသည်းမှုများစွာလည်းရှိပြီး လက်ရှိတွင် ယင်းအယူအဆ၏ ပြောင်းလဲလာမှုအခြေအနေမှန်ကိုသိရှိရန် ပန်းချီထိန်လင်းသည် "ထမီကိစ္စ"ခေါင်းစဉ်ဖြင့် ပန်းချီကားများ ရေးဆွဲခဲ့သည်။ ၎င်းသည် ကျား-မခွဲခြားသည့်ကိစ္စကို လူမှုပြဿနာ (Social Issue) တစ်ခုအနေနှင့် မြင်သူတစ်ဦးဖြစ်သည်။

ပန်းချီထိန်လင်းက "ဒီလိုခွဲခြားတဲ့ Issue က နိုင်ငံရေးနဲ့ဆက်စပ်တယ်လို့ ကျွန်တော်မြင်တယ်။ အမျိုးသမီးတစ်ယောက်က ဘယ်လိုလုပ် နိုင်ငံကိုဦးဆောင်နိုင်မှာလဲဆိုတဲ့ ဝါဒဖြန့်ချိရေးတွေ သတင်းစာထဲမှာ ရေးသားတာကို လူတွေဟာ နေ့စဉ်နဲ့အမျှ ဖတ်နေခဲ့ရတယ်။ ပြီးတော့ ၂၀၁၅ တုန်းက ဖြစ်ခဲ့တဲ့ကိစ္စတစ်ခုက ဖေ့စ်ဘွတ်သုံးစွဲသူတစ်ယောက်က နိုင်ငံရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ထမိန်နဲ့ နှိုင်းယှဉ်ပြခဲ့တဲ့အတွက် စော်ကားတယ်ဆိုပြီး တရားစွဲထောင်ချခဲ့တယ်။ ထမီဆိုတာ နိမ့်ကျတယ်လို့ စွဲထားတဲ့အစွဲရှိတဲ့အတွက် ဒီအစွဲကနေ ဆက်ပြီးတော့ ထောင်ကျတဲ့ထိ ဖြစ်သွားတယ်။ အဲ့တော့ ကျွန်တော်တို့ရဲ့ နိုင်ငံရေးဘဝထဲမှာကို လာပြီးတော့ ဆက်စပ်နေတာ"ဟု ဆိုသည်။

အနုသုတေသနပွဲတော်တွင် ကျား-မဆိုင်ရာ ခွဲခြားဆက်ဆံမှုများနှင့်ပတ်သက်၍ ပန်းချီ၊ ကာတွန်း၊ ဓာတ်ပုံစသည့် နည်းလမ်း



ဓာတ်ပုံ- စည်သူ

များဖြင့် ဖော်ထုတ်ပြသခဲ့ကြပြီး ရုပ်ရှင်ဖြင့် ဖော်ပြခဲ့သူများလည်း ရှိသည်။ မြစ်ကြီးနားသတင်းဂျာနယ်မှ အယ်ဒီတာချုပ် Seng Mai Maran သည် ကချင်ပြည်နယ်ရှိ မူးယစ်ဆေးသုံးစွဲသူအမျိုးသမီးများ၏ ဘဝများအကြောင်း ရိုက်ကူးထားသည့် "No Country for Women" ဟူသည့် Documentary ရုပ်ရှင်ကားကို ပွဲတော်တွင် ပြသခဲ့သည်။

Seng Mai Maran က "မီဒီယာသမားတွေကလည်း ရှာဖွေစုဆောင်းထားတဲ့ အချက်အလက်တွေအရ မှန်ကန်တဲ့ သုတေသနအချက်အလက်တွေကို ပြည်သူတွေဆီ ရောက်အောင် ကြိုးစားရတာပေ့ါနော်။ ဒီလို ကြိုးစားတဲ့အချိန်မှာလည်း ပြည်သူတွေက လက်ခံလာအောင်၊ ကြည့်ချင်လာအောင် အနုပညာနဲ့ပေါင်းစပ်ပြီး တင်ဆက်တဲ့အပိုင်းတွေ လုပ်ပါတယ်" ဟု ဆိုသည်။

၎င်း၏ရုပ်ရှင်ကားတွင် ကချင်ပြည်နယ်ရှိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းတွင် အမျိုးသားများကိုသာ လက်ခံသည့်အတွက် မူးယစ်စွဲသူအမျိုးသမီးများ၏ဘဝသည် ထောင်ထဲတွင်ပဲ ကုန်ဆုံးနေသည့်အကြောင်း တင်ဆက်ထားသည်။

၂၀၁၀ ခုနှစ်တည်းက မြန်မာနိုင်ငံတွင် သုတေသနပြုလုပ်နေသူ တစ်ဦးဖြစ်သူ Hilary Faxon ကတော့ တောရွာများတွင်




နေထိုင်သည့် အမျိုးသမီးလယ်သမားတောင်သူများ၏ ဘဝပြောင်းလဲလာပုံကို စိတ်ဝင်စားသည့်အတွက် ထိုသူများနှင့် ဓာတ်ပုံရိုက်သည့် အစီအစဉ်တစ်ခု ပြုလုပ်ခဲ့သည်။ ထိုဓာတ်ပုံများကို အနုသုတေသနပွဲတော်တွင် "ပုံတူ/ အနေအထား/ လက်မှုပညာ (Portrait/ Positin/ Craft)" ဟူသည့် ခေါင်းစဉ်ဖြင့် ပြသခဲ့သည်။

Hilary Faxon က "ဆာဗေးမေးခွန်းတွေမှာဆိုရင် အမျိုးသမီးတွေရဲ့ပါဝင်မှုကို မတွေ့ရသလောက်နည်းပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေကို ဓာတ်ပုံရိုက်ခိုင်း၊ ပြောခိုင်းတဲ့ photo voice လုပ်တဲ့အခါကျတော့ သူတို့ဟာ တကယ်ပဲ အလုပ်တွေအများကြီး လုပ်ရတယ်ဆိုတာကို တွေ့ခဲ့ရတယ်။ အဲ့လိုမျိုး tools နှစ်ခုကိုလုပ်တဲ့အခါ တွေ့ရှိချက်က ကွာခြားခဲ့ပါတယ်"ဟု ဆိုသည်။

ယင်းသို့ဖြင့် ကျား-မခွဲခြားဆက်ဆံခြင်းအပေါ် အနုပညာနှင့်သုတေသနပေါင်းစပ်ကာ "အနုသုတေသန"နည်းဖြင့် ဖန်တီးသူများသည်လည်း လူ့အဖွဲ့အစည်း၏အခြေအနေမှန်ကို သိရှိဖော်ထုတ်ရန် ကြိုးစားနေကြသည်။

အနုသုတေသနပွဲတော်တွင် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းရသည့် အကြောင်းရင်း၊ ပါဝင်ရန် အဟန့်အတားနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်သည့် သုတေသနတွေ့ရှိချက်များကို အခြေခံ၍ ရေးဆွဲထားသည့် သရုပ်ဖော်ပုံများကိုလည်း ထည့်သွင်းပြသခဲ့သည်။

**ရွှေလေး**

**ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။**
**သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။**

# ၂၀၂၀ရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီတချို့ အမျိုးသမီးနှင့် လူငယ်ကိုယ်စားလှယ်လောင်းများကို ဦးစားပေးရွေးချယ် ယှဉ်ပြိုင်စေမည်

**အောက်တိုဘာ ၂၅၊ ၂၀၁၉**

၂၀၂၀ နှစ်ကုန်ပိုင်းတွင် ပြုလုပ်ဖွယ်ရှိသည့် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲအကြိုလှုပ်လှုပ်ရှားရှားအသံများ အောက်တိုဘာလပိုင်းအတွင်းက ထွက်ပေါ်လာသည်။ လာမည့်ရွေးကောက်ပွဲအတွက် ပါတီသစ်များ တိုးပွားလာသလို ပါတီကြီးများကို ယှဉ်ပြိုင်နိုင်ရန် တိုင်းရင်းသားပါတီများကလည်း ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လာကြသည်။ ထိုအထဲတွင် တိုင်းရင်းသားပါတီတချို့က အမျိုးသမီးနှင့်လူငယ်များကို ဦးစားပေးကာ ရွေးချယ်ယှဉ်ပြိုင်ကြမည့် အနေအထားတွင် ရှိနေသည်။

ရှမ်းပြည်နယ်အတွင်းရှိ အင်အားကြီးပါတီကြီးများဖြစ်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) တို့သည် လာမည့်ရွေးကောက်ပွဲတွင် အမျိုးသမီးနှင့်လူငယ်များကို ဦးစားပေးယှဉ်ပြိုင်စေမည်ဟု ယခုလအတွင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) က ကိုယ်စားလှယ်လောင်းရွေးချယ်ရာတွင် အမျိုးသမီးနှင့်လူငယ် ၃၀ ရာခိုင်နှုန်း ပါဝင်ရန် မူဝါဒချမှတ်ထားသည်ဟု ဆိုသည်။

ကျားဖြူပါတီဟု လူသိများသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) ကတော့ အမျိုးသမီးများနှင့် လူငယ်များကို ဦးစားပေးကာ ၄၅ ရာခိုင်နှုန်းထိ ရွေးချယ်ယှဉ်ပြိုင်သွားမည်ဟု သတင်းမီဒီယာကို ပြောဆိုထားသည်။ အမျိုးသမီးများကို မြန်မာ့နိုင်ငံရေးထဲတွင် ပါဝင်စေချင်ပြီး လူငယ်များကိုလည်း နေရာတစ်ခု ရစေချင်သည်ဟု ပါတီတာဝန်ရှိသူက သတင်းမီဒီယာများကို ဆိုသည်။


ဓာတ်ပုံ- Shan Nationalities League for Democracy facebook

ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (CNLD) ကလည်း အမျိုးသမီး (၃၀) ရာခိုင်နှုန်းပါဝင်ရန် မူဝါဒချမှတ်ထားသည်ဟု သိရသည်။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (CNLD) သည် ချင်းပါတီ (၃) ခုဖြစ်သည့် ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ချင်းတိုးတက်ရေးပါတီနှင့် ချင်း ဒီမိုကရေစီအဖွဲ့ချုပ်ပါတီများ ပူးပေါင်းထားခြင်းဖြစ်သည်။ ထိုသို့ပြောဆိုချက်များအရ တိုင်းရင်းသားပါတီအချို့သည် လော်ခီလာညီလာခံတွင် သဘောတူခဲ့ကြသည့် အမျိုးသမီး (၃၀) ရာခိုင်နှုန်းပါဝင်မှုကို လက်တွေ့အကောင်အထည်ဖော်ကာ အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်မည့်အနေအထားတွင် ရှိနေ သည်။

ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections- PACE) ၏ "၂၀၂၀ ခုနှစ်အတွက် နိုင်ငံသားများ၏ နိုင်ငံရေးမျှော်မှန်းချက်" စစ်တမ်းတွင် ကိုယ်စားလှယ်လောင်းအကြိုက်နှင့် နိုင်ငံရေးပါတီဟူသည့် လေ့လာချက်လည်း ပါဝင်ခဲ့သည်။ ထိုလေ့လာချက်တွင် ပါဝင်သည့်မေးခွန်းတစ်ခုဖြစ်သည့် "ထောက်ခံသည့်ပါတီက အမျိုးသမီးတစ်ဦးကို ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခဲ့ပါက မဲပေးမလား၊ မပေးဘူးလား"ဟူသည့် မေးခွန်းကို မဲပေးမည်ဟု ဖြေသည့်ရာခိုင်နှုန်းက ၇၀ ရာခိုင်နှုန်းခန့်ရှိခဲ့သည်ဟု PACE ၏ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့် "အမျိုးသမီးများနှင့် ရွေးကောက်ပွဲနိုင်ငံရေး" (မြန်မာ့နွေဦးစကားဝိုင်း)တွင် ပြောကြားခဲ့သည်။

၎င်းက "အမျိုးသမီးတွေကို ထောက်ပံ့ချင်တဲ့ရာခိုင်နှုန်းက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ကြီးကြီးမားမားကို ရှိနေပြီ။ နိုင်ငံရေးပါတီတွေအတွက် ဒါက အားတက်စရာပဲ"ဟု ဆိုသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၀၈၃ ဦး ယှဉ်ပြိုင်ခဲ့ပြီး ထိုအထဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း ၈၀၀ ဦး ပါဝင်ခဲ့သည်။ ၎င်းရွေးကောက်ပွဲတွင် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အဆင့်များတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၅၁ ဦး ရှိခဲ့သည်ဟု သိရသည်။

**ရွှေလေး**

# WVL Myanmar ၏ ကာလရှည်ရန်ပုံငွေနှင့် ထောက်ပံ့မှုအစီအစဉ်တွင် လျှောက်ထားရန်ဖိတ်ခေါ်

**ဇန်နဝါရီ ၂၊ ၂၀၂၀**

မြန်မာနိုင်ငံအခြေစိုက် အမျိုးသမီးအခွင့်အရေးလှုပ်ရှားနေသည့် အဖွဲ့အစည်းများနှင့် ကွန်ရက်များအတွက် အမျိုးသမီးများအသံနှင့် ခေါင်းဆောင်မှု (Women's Voice and Leadership Myanmar- WVL Myanmar) ၏ ကာလရှည်ရန်ပုံငွေနှင့် ထောက်ပံ့မှုအစီအစဉ်ကိုလျှောက်ထားရန် ဖိတ်ခေါ်လိုက်သည်။

ယင်းကာလရှည်ရန်ပုံငွေနှင့် ထောက်ပံ့မှုသည် အမျိုးသမီးအခွင့်အရေးလှုပ်ရှားနေသည့် အဖွဲ့အစည်း (၁၀) ခုအား အဓိကနယ်ပယ် (၄) ခုတွင် အထောက်အပံ့ပေးမည်ဖြစ်သည်။ ၎င်းတို့မှာ ၁) ၄နှစ်တာ (၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ) အတွက် ရုံးပိုင်းဆိုင်ရာလည်ပတ်မှုအတွက် ရန်ပုံငွေထောက်ပံ့မှု၊ ၂) ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသည့် အခြေအနေများတွင် အချိန်နှင့်တပြေးညီ မဟာဗျူဟာကျကျ စနစ်တကျတုံ့ပြန်ရန်နှင့် ဆန်းသစ်သည့် စိတ်ကူးသစ်များကို စတင်ရန်အတွက် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်မည့် ရန်ပုံငွေထောက်ပံ့မှု၊ ၃) ဆောင်ရွက်ချက် စွမ်းဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် ရေရှည်တည်တံ့မှုအတွက် အဖွဲ့အစည်းတိုးတက်မှု အားကောင်းစေရန်နှင့် မဟာဗျူဟာရေးဆွဲရန် ရန်ပုံငွေထောက်ပံ့မှု၊ ၄) ပြောင်းလဲခြင်းသို့ဦးတည်စေမည့် အမျိုးသမီးများ စုပေါင်းဆောင်ရွက်မှုကို အားပေးလုပ်ဆောင်နိုင်ရန် ကွန်ရက်များဖွဲ့ခြင်း၊ မဟာမိတ်ပြုခြင်းများနှင့် လှုပ်ရှားမှုများ အားကောင်းစေရန်အတွက် ရန်ပုံငွေထောက်ပံ့မှုတို့ ဖြစ်သည်။ လျှောက်ထားမည့် အဖွဲ့အစည်းများသည် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃) နှစ် ရှိရမည်ဖြစ်ပြီး ရန်ကုန်အခြေစိုက် သို့မဟုတ် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးအခြေစိုက် အမျိုးသမီးအခွင့်အရေးအဖွဲ့/ကွန်ရက်ဖြစ်ရမည်ဟု သိရသည်။ အသေးစိတ်အချက်အလက်များကို WVL Myanmar ၏ ဝက်ဘ်ဆိုက်ဖြစ်သည့် wvlmyanmar.org တွင် လေ့လာနိုင်သည်။

WVL Myanmar သည် အမျိုးသမီးအခွင့်အရေး လှုပ်ရှားနေသည့် အဖွဲ့အစည်းများ စွမ်းဆောင်ရည်ပြည့်ဝရန်နှင့် ရေရှည်တည်တံ့ရေးအတွက် ရန်ပုံငွေထောက်ခံခြင်း၊ အကူအညီပေးခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပြီး ယင်းမှတစ်ဆင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ဘဝ ပိုမိုကောင်းမွန်စေရန် အပြောင်းအလဲကိုဆောင်ရွက်ပေးသည့် လှုပ်ရှားမှုဖြစ်ပေါ်စေရန် ထောက်ပံ့သည့် အဖွဲ့အစည်းဖြစ်သည်။ WVL Myanmarကို Global Affairs Canada မှ ထောက်ပံ့နေခြင်းဖြစ်ပြီး အမျိုးသမီးများ၏အသံနှင့် ခေါင်းဆောင်မှုသည် ကနေဒါနိုင်ငံ၏ နိုင်ငံပေါင်း (၃၀) တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံတကာ ကျား-မ တန်းတူညီမျှရန် ကူညီရေးမူဝါဒအောက်တွင် ပါဝင်သည်။

**ရွှေလေး**

# အမျိုးသမီးအကြမ်းဖက်မှုဆိုင်ရာပြဿနာများ လွတ်လပ်ပြီး တရားမျှတသည့် တရားစီရင်မှုရရှိရန် တောင်းဆို

**နိုဝင်ဘာ ၂၅၊ ၂၀၁၉**

အမျိုးသမီးအကြမ်းဖက်မှုဆိုင်ရာ ပြဿနာများကို လွတ်လပ်ပြီး ဘက်မလိုက်သော တရားမျှတမှုရှိသည့် တရားစီရင်ရေးရရှိစေရန် အတွက် ထိထိရောက်ရောက်အရေးယူမှုများ ပြုလုပ်ပေးရန် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)က တောင်းဆိုလိုက်သည်။

နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်တွင် ယင်းသို့တောင်းဆိုခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် များပြားနေပြီး အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ မှတ်တမ်းအရ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စုစုပေါင်း (၂၃၈)မှုရှိပြီး တရားမျှတမှုမရရှိဘဲ ကင်းလွတ်ခွင့်ဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ရှိနေသည်ဟု ဆိုသည်။ ထို့ကြောင့် အကြမ်းဖက်ကျူးလွန်ခံရသူ အမျိုးသမီးများ အတွက် တရားမျှတမှု ဆောင်ကြဉ်းပေးနိုင်ရန် အလှမ်းကွာဝေးနေပြီး အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်စေရန် အားပေးရာရောက်စေသည်ဟု သိရသည်။

ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းရန် နှောင့်နှေးကြန့်ကြာနေသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ပေးရေး ဥပဒေမူကြမ်း (PoVAW Bill)၏ လက်ရှိပြင်ဆင်ထားသည်များမှာလည်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများမှ အမှန်တကယ် တားဆီးကာကွယ်မပေးနိုင်သည့် အနေအထားတွင်ရှိသည်ဟု ယင်းသတင်းထုတ်ပြန်ချက်တွင် သုံးသပ်ထားသည်။ အထူးသဖြင့် ပဋိပက္ခဒေသတွင်းရှိ အမျိုးသမီးများ၏အသံ၊ စိုးရိမ်မှုများအား ထည့်သွင်းစဉ်းစား ထားခြင်းမရှိဟုသိရသည်။

ယင်းထုတ်ပြန်ကြေညာချက်တွင် စစ်ပဋိပက္ခတွင်းဖြစ်ပွားနေသော အကြမ်းဖက်မှုအခြေအနေများကို တရားမျှတမှုရရှိစေရန်နှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်များ ရပ်တန့်ပေးရန်၊ ဥပဒေများကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ပြီး မြန်မာပြည်တွင်းတွင်နေထိုင်နေသော အမျိုးသမီးများအားလုံးအတွက် အကာအကွယ်ပေးနိုင်သည့် ဥပဒေများ ပြဋ္ဌာန်းရန်စသည့် တောင်းဆိုချက်များကိုလည်း တိုက်တွန်းတောင်းဆိုထားသည်။

**ရွှေလေး**

# ကမ္ဘာ့နိုင်ငံပေါင်း (၆၅)နိုင်ငံရှိ နည်းပညာနယ်ပယ် အမျိုးသမီး စွန့်ဦးတီထွင် ဦးဆောင်သူ ထွက်ရှိနှုန်းတွင် ရန်ကုန်မြို့က နံပါတ်(၇) နေရာတွင်ရှိနေ

**နိုဝင်ဘာ ၁၀၊ ၂၀၁၉**

နည်းပညာနယ်ပယ်တွင် အမျိုးသမီးများ ဦးဆောင်သည့် စွန့်ဦးတီထွင်ထွက်ရှိနှုန်းကို လေ့လာရာတွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့က အဆင့် ၇ တွင် ရှိနေသည်ဟု သိရသည်။

Forbes မဂ္ဂဇင်း၏ အောက်တိုဘာလ (၁၀) ရက်နေ့က ရေးသားဖော်ပြထားသည့် ဆောင်းပါးတစ်ပုဒ်တွင် ယင်းသို့ရေးသား ဖော်ပြထားခြင်းဖြစ်သည်။ နိုင်ငံပေါင်း (၆၅) နိုင်ငံက မြို့ကြီး (၁၈၀) ကျော်ရှိ နည်းပညာ နယ်ပယ်တွင် အမျိုးသမီးစွန့်ဦးတီထွင် ထွက်ရှိနှုန်းကို Founder Institute အဖွဲ့က လေ့လာ ထားခြင်းဖြစ်သည်။

ယင်းလေ့လာချက်တွင် နော်ဝေနိုင်ငံ၊ အော့စလိုမြို့က အမျိုးသမီးတည်ထောင်သူ အချိုး ၇၅ ရာခိုင်နှုန်းဖြင့် ပထမနေရာတွင် ရှိနေပြီး အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီက ဒုတိယ၊ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့က တတိယနေရာတွင် ရှိနေသည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့ကတော့ ၅၇ ရာခိုင်နှုန်းဖြင့် နံပါတ် (၇) နေရာတွင် ရှိနေပါသည်။

(ကိုးကား-https://www.forbes.com)

# Knowledge MarketPlace ကို မန္တလေးတက္ကသိုလ်တွင် ယခုလ ၂၈ ရက်နေ့တွင် ပြုလုပ်မည်

**ဇန်နဝါရီ ၂၊ ၂၀၂၀**

ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (Canada's International Development Research Centre- IDRC) မှ ဦးဆောင်ကျင်းပမည့် Knowledge MarketPlace ကို မန္တလေးတက္ကသိုလ်တွင် ၂၀၂၀၊ ဇန်နဝါရီလ ၂၈ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဟု သိရသည်။

Knowledge MarketPlace သည် သုတေသနအဖွဲ့အစည်းများ၊ Think Tanks များ၏ သုတေသနစာတမ်းများနှင့် သူတို့၏ လုပ်ဆောင်ချက်များကို ခင်းကျင်းပြသပြီး ဗဟုသုတများဝေမျှသည့် အစီအစဉ်တစ်ခုဖြစ်သည်။ ယင်း Knowledge MarketPlace အစီအစဉ်ကို ဩစတြေးလျမြန်မာအင်စတီကျု (Australia Myanmar Institute-AMI) နှင့် Myanmar Institute of Strategic and International Studies တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များဆီသို့ တိုးတက်မှုကွန်ဖရင့် ၂၀၂၀ ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကျင်းပခြင်း ဖြစ်သည်။

ယမန်နှစ်ကလည်း Knowledge MarketPlace ၂၀၁၉ ကို ရန်ကုန်မြို့တွင် IDRC မှ ကျင်းပခဲ့သည်။ ထိုအစီအစဉ်တွင် သုတေသနအဖွဲ့အစည်းများ၊ Think Tanks များ၊ တက္ကသိုလ်များအပါအဝင် အဖွဲ့အစည်း (၃၀) ကျော်က ၎င်းတို့၏လုပ်ဆောင်ချက်များ၊ သုတေသနစာတမ်းများကို ခင်းကျင်းပြသခဲ့သည်။ Knowledge Forum 2019 သည် မြန်မာပြည်ဒီမိုကရေစီအတွက် အသိပညာ (Knowledge for Democracy Myanmar - K4DM) အစီအစဉ်မှ စီစဉ်ခြင်းဖြစ်ပြီး တိုင်းပြည်၏ဒီမိုကရေစီအကူးအပြောင်းကို လွယ်ကူချောမွေ့စေရန်အတွက် စီးပွားရေးနှင့်လူမှုရေးကိစ္စရပ်များအပေါ်တွင် အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကို အချင်းချင်းလေ့လာနိုင်ရန် စုစည်းပေးခြင်းဖြစ်သည်ဟု သိရသည်။



ဓာတ်ပုံ- စည်သူ



ဓာတ်ပုံ-https-//www.britannica.com

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အမျိုးသားနဲ့ အမျိုးသမီးတွေဟာ တူညီတဲ့လစာ တူညီတဲ့လေးစားမှု ရရှိမယ်ဆိုရင် တန်းတူညီမျှမှု ရရှိမှာ ဖြစ်တယ်"

------ Beyonce Knowles (American singer and actress)

# EMReF ၏ 'K4DM' စီမံကိန်းသုတေသနတွင် ပါဝင်သူ၏အသံ

အမည် - မမေမေ (အမည်လွှဲ)
အသက် - ၃၆
ရာထူး - အမျိုးသမီးလူငယ်အဖွဲ့ခေါင်းဆောင်
နေရပ် - အုန်းပိုင်ကျေးရွာ၊ သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်း

**(မှတ်ချက်-ဤအချက်အလက်များသည် ဖြစ်ရပ်လေ့လာချက်(case study)အတွက် မေးမြန်းပြီး ရလာခြင်းမျိုးမဟုတ်ဘဲ ပြောကြားသူသည် မိန်းကလေးများ နှုတ်ဆိတ်နေသည်ကိုမြင်ပြီးနောက် သူမ ခံစားရသည့်အကြောင်းများကို သုတေသီများကို ဝေမျှပေးရန် ဆန္ဒရှိခဲ့သည်။ သို့အတွက်ကြောင့် သုတေသီသည် သူမနှင့်စကားပြောရန် အခွင့်အရေးရခဲ့သည်။ သူမ ဝေမျှပေးခဲ့သည့် အချက်အလက်များမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။)**

ကျွန်မတို့ရွာကိုလာတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ အရေးကြီးတဲ့ကိစ္စရပ်တွေ ဆွေးနွေးဖို့ ယူလာပေးတဲ့အတွက်လည်း ကျေးဇူးတင်တယ်။ တစ်ချိန်တည်းမှာပဲ ဒီအကြောင်းတွေ ဆွေးနွေးရင်း တစ်ယောက်ဆီကတစ်ယောက် သင်ယူခွင့်ရတယ်။ ဒါက ကျွန်မရဲ့ ပထမဆုံး အင်တာဗျူးဖြစ်သလို ဆွေးနွေးမှုကို နားထောင်ရတာလည်း ပထမဆုံးပဲ။ အစ်မတို့ (သုတေသီများကို ရည်ညွှန်းသည်) အဖွဲ့က အမျိုးသမီးခေါင်းဆောင်မှုနဲ့ပတ်သက်ရင် ကျွန်မတို့ရွာမှာ ဆွေးနွေးမှုလာလုပ်တဲ့ ပထမဆုံးအဖွဲ့ပါ။ ကျွန်မတို့ဟာ အရင်တုန်းက ဒီလို ဆွေးနွေးမှုမျိုး တစ်ခါမှမလုပ်ခဲ့ဖူးပါဘူး။ ဒါ့ကြောင့် အစ်မတို့လာတာကို ကျွန်မအနေနဲ့ အရမ်းဝမ်းသာပါတယ်။ ကျွန်မတို့ရွာက ရွာသူရွာသားတွေလည်း ဒီနေ့ဆွေးနွေးပွဲကနေ တစ်ခုခု ပြန်ပြီးသင်ယူသွားရတာမျိုး ရှိမှာပါ။ ဆွေးနွေးပွဲကို လာပြီးနားထောင်တဲ့ ရွာသူရွာသားတွေရောပေါ့။ ဒါပေမယ့်လည်း ရွာထဲက အမျိုးသားအုပ်စုတွေကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး သိပ်သဘောကျမယ် မထင်ဘူး။ ဘာလို့လဲဆိုတော့ အမျိုးသမီးတွေဟာ ခေါင်းဆောင်နေရာရောက်ဖို့ လိုအပ်လာပြီဆိုတာ သူတို့လည်း တွေးမိမှာပဲ။

ပြီးတော့ အမျိုးသမီးတွေက စကားပြောနည်းကြတာကို အစ်မတို့အားလုံး ဒီနေ့တွေ့ကြမှာပဲလေ။ ကျွန်မက သူတို့ကို ကိုယ့်ရပ်တည်ချက်ကို ခိုင်ခိုင်မာမာပြဖို့နဲ့ သူတို့ရဲ့အသံတွေထွက်လာဖို့ အမြဲ တိုက်တွန်းဖြစ်တယ်။ ဒါပေမယ့် သူတို့ရှေ့ကို ထွက်မလာကြဘူး။ ကျွန်မက လူငယ်တစ်ယောက် မဟုတ်တော့တဲ့အတွက် အမျိုးသမီးလူငယ်အဖွဲ့ခေါင်းဆောင်အဖြစ် ကျွန်မနေရာမှာ အစားထိုးဖို့ တစ်ယောက်ယောက်ကို လိုချင်ပါတယ်။ ဒါပေမယ့် တစ်ယောက်မှမရှိဘူးဖြစ်နေတယ်။ မိန်းကလေးတွေဟာ အမြဲတမ်း နောက်မှာပဲရှိနေကြပြီး သူတို့ရှိနေတဲ့နေရာမှာတောင် ခိုင်ခိုင်မာမာ မရပ်တည်ရဲကြတာကို တစ်ခါတလေ ကျွန်မ စိတ်ပျက်မိတယ်။

အမျိုးသားနဲ့အမျိုးသမီးတွေမှာ တူညီတဲ့စွမ်းရည်ရှိကြသလားဆိုပြီး အစ်မတို့မေးတုန်းက သူတို့အသံတိတ်နေတာကို အစ်မတို့လည်း မြင်မှာပါ။ ဒီလိုဆွေးနွေးပွဲမျိုး ရှိလာလိမ့်မယ်လို့ သူတို့ တခါမှ မစဉ်းစားခဲ့ဘူးဆိုတာကို ကျွန်မ သဘောပေါက်ပါတယ်။ ကျွန်မလည်း မှားချင်မှားမှာပေါ့။ ဒါပေမယ့် ကျွန်မကတော့ အခု အဲ့လိုခံစားမိတာပဲ။ အမျိုးသားနဲ့အမျိုးသမီးတို့မှာရှိတဲ့ လုပ်ကိုင်နိုင်စွမ်းရယ်၊ ပြီးတော့ လက်တွေ့မှာ ဘယ်လိုအရာတွေ လုပ်ကိုင်နေကြတယ်ဆိုတဲ့အပေါ် စဉ်းစားခိုင်းတာဟာသူတို့အတွက်ပထမဆုံးအတွေ့အကြုံဖြစ်မယ်လို့ ကျွန်မထင်ပါတယ်။

